## စာရေးသူ၏ အမှာ

ဗိုလ်ချုပ်အောင်ဆန်းနှင့် ပတ်သက်၍ သမိုင်းမှတ်တမ်းဝင် စာအုပ်များ ထွက်ရှိနေပါသည်။ သုတေသီများအတွက် ရည်ညွှန်းကိုးကားနိုင်ပါသည်။ လူငယ်အများလည်း ဖတ်ရှုသိရှိခွင့် ရရှိကြပါသည်။

ဗိုလ်ချုပ်အောင်ဆန်း၏ လက်ရုံးတစ်ဆူပမာ အားကိုးအားထားပြုခဲ့ရသည့် ဗိုလ်မှူးကြီး ဗထူးနှင့် ပတ်သက်၍ သမိုင်းမှတ်တမ်းဝင် စာအုပ်များ ရှားပါးလှပါသည်။ ဗိုလ်တိုက်စိုး၏ မြန်မာ့သူရဲကောင်း ဗိုလ်မှူးကြီးဗထူး စာအုပ်တစ်အုပ်သည် ထင်ထင်ရှားရှား ပေါ်ထွက်ခဲ့ပါသည်။

နောင်အခါ ဗိုလ်မှူးကြီး ဗထူးအကြောင်း သီးသန့် မဟုတ်သော်လည်း ရဲဘော်သုံးကျိပ်ဝင်များ၏ ကိုယ်တွေ့ မှတ်တမ်းများတွင် တွေ့မြင်ရပါသည်။ ကျောက်ဆည်မောင်မောင်၏ စစ်မြေပြင် ခရီးကြမ်းနှင့် ကိုယ်တွေ့မှတ်တမ်းများ စာအုပ်တွင် အတော်အတန် ပါရှိသော်လည်း မန္တလေးမြို့သို့ အထက်မြန်မာနိုင်ငံ တိုင်းမှူးအဖြစ် ရောက်ရှိသွားသည့်အပိုင်း ကျန်ရှိနေပါသည်။

ထို့ကြောင့် ဗိုလ်မှူးကြီးဗထူးအကြောင်း သီးသန့် ပြည့်ပြည့်စုံစုံ ရေးသားထားသည့် စာအုပ်တစ်အုပ် လိုအပ်နေသည်ဟု



ထင်မြင်ယူဆမိပါသည်။ ဤကွက်လပ်ကို ဖြည့်ရန် ကျွန်တော် ကြိုးစားကြည့်ပါသည်။ ဗိုလ်မှူးကြီးဗထူး ငယ်စဉ်ဘဝမှ တဲ့လုစခန်းတွင် ငှက်ဖျားရောဂါဖြင့် ကွယ်လွန်အနိစ္စရောက်သည်အထိ စာတစ်အုပ် ပြုစုရန် ကျွန်တော် ကြိုးစားပါသည်။

ဤတွင် အများသူငါ ရေးသကဲ့သို့ ကျမ်းစာပေဆန်ဆန် ကျွန်တော် မရေးတတ်ပါ။ ကျွန်တော်သည် ရသစာရေးဆရာ၊ (တစ်နည်း) ဝတ္ထုရေးဆရာ တစ်ယောက်သာ ဖြစ်ပါသည်။

ယခင်က ရုပ်သေးပညာရှင်ကြီး တစ်ဦး ဖြစ်သည့် ဦးစိန်ထွန်းကြည်အကြောင်းကို ဝတ္ထုဟန် အတ္ထုပ္ပတ္တိ ပုံစံမျိုးဖြင့် ရေးခဲ့ဖူးသည်။ ပစုတ္တာ ဦးအုံးဖေ စာပေဆုရ "မြန်မာ့ဂုဏ်ရည် စိန်ထွန်းကြည်" စာအုပ် ဖြစ်ပါသည်။

အဆိုပါ ဝတ္ထုဟန် အတ္ထုပ္ပတ္တိ ပုံသဏ္ဌာန်ကို နှစ်သက်သော စာရေးဆရာ ကောင်းသန့်က ပညာရေးလောကမှ ညွှန်ကြားရေးမှူးချုပ် ဆယ်ဦးအား ဝတ္ထုဟန် အတ္ထုပ္ပတ္တိ ပုံစံဖြင့် ပြုစုခိုင်းသဖြင့် "ပညာရေး မိုးကောင်းကင်ထက်မှ ကြယ်ကြီးဆယ်ပွင့်" ဟူ၍ ခေါင်းစီးပေးကာ ကျွန်တော် ရေးသားခဲ့ပါသည်။ ဆရာကောင်းသန့်ကလည်း စာအုပ်အဖြစ် ထုတ်ပေးခဲ့ပါသည်။

ယခု ဗိုလ်မှူးကြီးဗထူး အကြောင်းကိုလည်း တော်လှန်ရေးကာလ နောက်ခံထားပြီး ကျွန်တော် ရေးတတ်သည့် ဝတ္ထုဟန် အတ္ထုပ္ပတ္တိ ပုံစံဖြင့် ရေးသားလိုက်ပါသည်။ ၂၀၁၇ ခုနှစ်၊ ဇွန်လ ၉ ရက် (နယုန်လပြည့်နေ့) မှ စတင်ပြီး အားလပ်သည့် အချိန်ကလေးများကို အရယူပြီး ရေးသားလိုက်ရာ ၂၀၁၇ ခုနှစ် ဩဂုတ်လ ၁၄ ရက်နေ့ နံနက်တွင် ပြီးစီးခဲ့ပါသည်။

မအားလပ်သည့် အလုပ်တာဝန်များကြားမှ သီးသန့်အချိန်ပေးကာ စာပေတာဝန်တစ်ခုအနေဖြင့် ကျွန်တော် ကြိုးစားရေးသားခဲ့ပါသည်။ ပြည့်စုံနိုင်သမျှ ပြည့်စုံစေရန် အားထုတ်ကြိုးစားခဲ့သော်လည်း ပြည့်စုံချင်မှ ပြည့်စုံပါလိမ့်မည်။ သို့သော် ဗိုလ်မှူးကြီး ဗထူးနှင့် ပတ်သက်ပြီး မြန်မာစာပေလောကတွင် လိုအပ်လျက်ရှိသော



စာပေကွက်လပ်ကိုကား ကျွန်တော် ဖြည့်ဆည်းနိုင်ခဲ့ပြီဟု ယုံကြည်မိပါသည်။

စာပေချစ်မြတ်နိုးသူများ ဝတ္ထုအသွင်ဖြင့်လည်း ဖတ်နိုင်ပါသည်။ စာပေသုတေသန ပညာရှင်များ သုတစာပေအဖြစ်လည်း လေ့လာနိုင်ပါသည်။

မြန်မာ့လွတ်လပ်ရေးခရီး နောက်ခံ တော်လှန်ရေးကာလ နောက်ခံအဖြစ် ရေးသားရခြင်းကြောင့် သမိုင်းနောက်ခံကို အဓိကထားပြီး ရေးပါသည်။ အပိုချဲ့ကားပြီး ရေးသည့် စာများ မပါဝင်ပါ။

ဤစာများ ရေးဖြစ်အောင် တိုက်တွန်းခဲ့ကြသော စာရေးဆရာ မော်ဝန်းကြည်မြတ်၊ စာရေးဆရာ ရဲမြတ်တင်နှင့် စာမူအားရေးသားနေစဉ် အကြံဉာဏ်များပေးကာ လိုအပ်သည်များကို ကူညီပံ့ပိုးပေးခဲ့သည့် ဇနီး စာရေးဆရာမ ယဉ်မွှေးပန်း (ဟဲဟိုး) တို့ကိုလည်း ကျေးဇူးတင်ရှိပါသည်။

**ခင်မင်လေးစားစွာဖြင့်**

ပုသိမ်အောင်သန်းဦး
၁၄-၈-၂၀၁၇
ည ၉ နာရီ ၅၀ မိနစ်
ရန်ကုန်မြို့။